**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ်၊ ၁၁ / ၂၀၂၃**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

# မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍနှင့် စပ်လျဉ်း၍ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၉ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ထိုဥပဒေ၏ ပုဒ်မ ၂၃-က နှင့် ပုဒ်မ ၂၇ ပါ "ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍ"ဟူသော စကားရပ်တွင် အကျုံးဝင်သည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းစွာသိရှိနိုင်ရန်အတွက် အဓိပ္ပာယ်ရှင်းလင်း ဖွင့်ဆိုခြင်း ဖြစ်ပါသည်။

## သက်ဆိုင်သည့်အကြောင်းအရာ

၂။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်သည် မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ပုဂ္ဂိုလ်စုအခွန်ထမ်းများအပေါ် ဝင်ငွေခွန် ကျသင့်မှုနှင့် စပ်လျဉ်း၍ ဤဝန်ကြီးဌာနက မည်သို့အဓိပ္ပာယ်ဖွင့်ဆိုကြောင်းနှင့် စပ်လျဉ်းသည့် ရှင်းလင်းအသိပေးချက် ဖြစ်ပါသည်။

## အကျိုးသက်ရောက်သူများ

၃။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်သည်မြန်မာနိုင်ငံ၏ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော် ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ပုဂ္ဂိုလ်စုများအပေါ် အကျိုးသက်ရောက်ပါသည်။

## သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်

၄။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်သည် ၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၂၃-က နှင့် ပုဒ်မ ၂၇ တို့နှင့် သက်ဆိုင်စေရမည်။

**အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်**

၅။ ၂၀၂၂ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၂၃-က နှင့် ပုဒ်မ ၂၇ တွင် ပြဋ္ဌာန်းပါရှိသည့် "ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍ" ဆိုရာတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်အရ ဆောင်ရွက်သည့်လုပ်ငန်းများကိုဆိုသည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာအခွင့်အရေးဆိုသည်မှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာလုပ်ငန်းများနှင့် ဆက်စပ်သည့် ဥပဒေအရဖြစ်စေ၊ အခြားဥပဒေတစ်ရပ်အရဖြစ်စေ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ချုပ်ဆိုသည့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး ပဋိညာဉ်တစ်ရပ်ကိုဆိုလိုပါသည်။

၆။ ထို့ပြင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကို ကိုယ်တိုင် ရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ ဝန်ဆောင်မှုကိုရယူ၍ ရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ကို ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ခြင်း သို့မဟုတ် နိုင်ငံဖြတ်ကျော် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများတို့လည်း ပါဝင်သည်။

၇။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၃-၂၀၂၄ စည်းကြပ်နှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး

**************************************************

စာအမှတ်၊ စဘ/ ဘဏ္ဍာ - ၂ / ၁/ ၂၅၄ ( ၇၂၉ /၂၀၂၃)

ရက် စွဲ ၊ ၂ ၀ ၂ ၃ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂ ရက်

**ဖြန့်ဝေခြင်း**

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးရုံး
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
မြန်မာနိုင်ငံစာရင်းကောင်စီ
အခွန်အယူခံခုံအဖွဲ့
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် အဖွဲ့အစည်းများအားလုံး

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ |
| ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) | ညီနောင်အသင်းများအား ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ |

အမိန့်အရ

(ဝင်းထိုက်)
ညွှန်ကြားရေးမှူးချုပ်